စစ်ငြိမ်း

# ပျော်ရွှင်တတ်သော

# မိုးတိမ်များ

# အမှာ စာ

ကျွန်တော် လူငယ်ဘဝ စာရေးဆရာပေါက်စ ဖြစ်နေချိန်မှာ ဝတ္ထုတို တချို့ကို ရေးသားခဲ့ရာတွင် ဇာတ်ကောင်သည် လက်ကျန်ငွေဖြင့် ပေါင်မုန့်ကြမ်းတစ်လုံးကို ဝယ်ယူကာ ညစာစားသည် စသည် အဓိပ္ပာယ်မျိုး ရေးခဲ့ပါသည် ။ ကျွန်တော့်သူငယ်ချင်းအချို့က မင်းဇာတ်ကောင်က ထမင်းမစားဘဲ ဘာလို့ ပေါင်မုန့်စားတာလဲ။ စားတဲ့ ပေါင်မုန့်ကလဲ ပေါင်မုန့်ကြမ်းတဲ့ ။ သူ့ရင်ထဲမှာ ရှိနေတာကို ကျွန်တော် လှမ်းမြင်ခဲ့ပါသည် ။ ကျွန်တော်က ငါ့ဝတ္ထုတိုကို နိုင်ငံခြားဘာသာပြန်ဆိုကြတဲ့ အခါ လွယ်ကူအောင်လို့ ဟု ပြောခဲ့သည် ။ ပေါင်မုန့်ကြမ်းကတော့ သူ့မှာ ပိုက်ဆံသျှိလင် ပဲနိအနည်းငယ်ပဲရှိလို့ လေကွာ ဟု ဆိုခဲ့သည် ။ ယင်းသည် ရယ်စရာအဖြစ် ပြောနေသည် ဟု ထင်မှတ်ဖွယ်ရှိအောင်လည်း အကယ်တိ ထိုသို့ တစ်ချိန်၌ ဖြစ်လာခဲ့ပါလျှင် ကျွန်တော်သည် ထိုသို့ ရေးမစွကပင် ရည်ရွယ်ခဲ့သည် ဟု ဆိုရပေမည်။

ယခု ကျွန်တော်နှစ်သက်သော လူငယ်စာရေးဆရာ စစ်ငြိမ်းရဲ့ ဝတ္ထုကို ဖတ်ရှုကြည့်တော့ ထိုသို့သောအသွားများကို ကျွန်တော်တွေ့ရသည် ။ စစ်ငြိမ်းဝတ္ထုထဲက ဇာတ်ကောင်များ သည် နိုင်ငံရပ်ခြား ကမ္ဘာတစ်ခုမှ ရှင်သန်နေကြသည် သို့မဟုတ် ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ဖြစ်ပျက်လှုပ်ရှားနေကြသည် ဟု ထင်မှတ်ဖွယ် ဖြစ်ပါသည် ။ စစ်ငြိမ်းရဲ့ စကားပြေက မြိန်ရေယှက်ရေ ဖတ်ရှု၍ ရနိုင်သော ဝါကျတည်ဆောက်ပုံ

များ ဖြစ်နေသည် ။ သူ့ရဲ့ ဝတ္ထုထဲက နာမည်တစ်ခုကို ကြည့်ပါ။ အဝါရောင်ပန်းလှလှလေးတွေ ပွင့်တဲ့ အချိန်တဲ့ ။

'အခုလိုအချိန်ဆို သူနေတဲ့ မြို့မှာ ဆာကူရာပန်းတွေပန်းနေမလား။ သူရောက်နေတဲ့ တိုင်းပြည်မှာ နှင်းတွေကျနေမလား။ သူရှင်သန်လှုပ်ရှားရတဲ့ မြို့ပြနိုင်ငံမှာ လူတွေ တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြပါ့မလားပေါ့လေ။ မြန်မာပြည်ရယ် မိုးဦးကျမှာ ပွင့်တတ်တဲ့ အဝါရောင်ပန်းလေးတွေရယ်ကို မေ့နေမလား။ နောက်ပြီး သူ့ရည်းစားမဟုတ်ခဲ့ဘဲ သူချစ်တဲ့ သူငယ်ချင်းလေး တစ်ယောက်ကို သတိရမနေလားပေါ့လေ။ မြန်မာပြည်မှာ တော့ နွေအကုန်မိုးအကူးမှာ သူချစ်တဲ့ အဝါရောင်ပန်းလှလှလေးတွေ ပွင့်နေပါပြီ။

လွမ်းဆွတ်မှုဆိုတာထက် အောက်မေ့ဖွယ်ရေးဖွဲ့ပုံလို့ ထင်ပါတယ်။ ကျွန်တော့်ဆောင်းပါးတစ်ပုဒ်ထဲမှာ ရေးဖူးတယ်။ Export Quality ကဗျာများ လို့ ။ ကျွန်တော်တို့ ခေတ်က ဒူးယားစီးကရက်မှာ Export ဒူးယားဆိုတာ ရှိသလို ဒီနေ့ မြန်မာကဗျာဆရာတွေရဲ့ ကဗျာတွေထဲမှာ လည်း Export Quality ကဗျာတွေ ရှိနေနိုင်တယ်လို့ လေ။ ကျွန်တော်တို့ အောက်ကို ငုံ့ကြည့်ဖို့ သလို တစ်ခါတလေမှာ အပေါ်ကိုမော့ကြည့်ဖို့ လဲ လိုအပ်မယ်လို့ ယုံကြည်ပါတယ်။ အနုပညာလက်ရာတစ်ခုရယ်၊ ဖြစ်နိုင်ခြေရယ်၊ လက်ရှိအနေအထားရယ် ဆက်စပ်မှုထဲမှာ မျှော်လင့်လို့ ရနိုင်သမျှကို မျှော်လင့်ကြည့်တာပါ။

စစ်ငြိမ်းရဲ့ အရေးအသားကို ဒီလိုတွေ့ရပါတယ်။ သူငယ်ချင်းအချစ်က ဆန်းပါတယ်။ အခုလိုအချိန်ဆို သူနေတဲ့ မြို့မှာ ဆာကူရာပန်းတွေ ပွင့်နေမလား။ သူရောက်နေတဲ့ တိုင်းပြည်မှာ နှင်းတွေကျမလား။ သူရှင်သန်လှုပ်ရှားရတဲ့ မြို့ပြနိုင်ငံမှာ လူတွေ တစ်ယောက်နဲ့ တစ်ယောက် ချစ်

ကြမလားပေါ့လေ။ မြန်မာပြည်မှာ တော့ တစ်ချိန်က သေသေချာချာ အရမ်းလှခဲ့တဲ့ ပန်းဝါဝါလေးတွေ နောက်တစ်ကြိမ်ပွင့်ခဲ့ပြီ။

စစ်ငြိမ်းပါပဲ။ ကျွန်တော်တို့ ရဲ့ အနုပညာရှင်ပါပဲ။ သူ့ကိုယ်သူ အဲဒီလို တည်ဆောက်ခဲ့သူပါပဲ။

စစ်ငြိမ်းရဲ့ အရေးအသားအချို့က အန္တရာယ်ရှိတယ်။ ဒါကို သူက ပြောပြနေတယ်။ ဒါတွေဟာ တကယ့်အဖြစ်အပျက်၊ ဒီလိုသာလို့ တွေးလိုက်မိရင် အဆင်မပြေပါဘူး။ ဘဝဖြစ်စဉ်တစ်ခု စတင်နေချိန်မှာ စာရိတ္တဟာ ဘယ်လိုအနေအထားမှာ လဲ။ ဒီလိုသာ ဆက်တွေးမိရင် ကျွန်တော်တို့ ဦးခေါင်းထဲ မိုးသားတွေ အုံ့ဆိုင်းလာလိမ့်မယ်။ ပြီးရင် ထစ်ချုန်းမိုးရွာတော့မှာ ။ ဟိုတယ်အခန်းက အေးစက်နေတယ်။ နောက်ပြီး နည်းနည်းလည်း ကျဉ်းတယ်။ မီးတစ်လုံးပဲဖွင့်ထားလို့ ဝါကျင်ကျင်နဲ့ ခပ်ဖျော့ဖျော့ အလင်းရောင်ရယ်၊ ကျွန်တော်သောက်တဲ့ စီးကရက်မီးခိုးငွေ့တွေရယ်၊ နောက်ပြီး အခန်းက အေးလိုက်တာ။ ကျွန်တော်က အဝတ်အစားတွေ ချွတ်ထားပြီး တဘက်တစ်ထည်ပဲခါးမှ ခပ်လျော့လျော့ ပတ်ထားတာကြောင့်လည်း ပါမှာ ပေါ့။ စားပွဲပေါ်တင်ထားတဲ့ ဖုန်းကို ယူကြည့်လိုက်တော့ မနက်၁ဂနာရီတောင် ရှိနေပြီ။ အပြင်မှာ လုံးဝကိုမိုးလင်းပြီး အလင်းရောင်တွေ ဖြာနေတော့မှာ ပဲ။ ဒီအခန်းကလေးထဲမှာ ပဲ မှောင်ရီအေးစက်နေတာပေါ့လေ။ ကျွန်တော်တို့ ရောက်နေတာက အပြင်လောကနဲ့ အဆက်အသွယ်ပြတ်နေတဲ့ နေရာဖြစ်နေတာပေါ့။

ပြာလဲ့လဲ့ အရေးအသားပါပဲ။ ဘာတွေဆက်ဖြစ်လာဦးမလဲလို့ ကျွန်တော့်ကို ပူပန်စေတယ်။ ဒါပေမဲ့ ဘာမျှမတတ်နိုင်ပါ။

သူနဲ့ ကျွန်တော် ခရီးတွေလည်း ထွက်ဖူးတယ်။ အကြာကြီးလည်း မ

တွေ့ကြဘဲ နေဖူးတယ်။ နီးသောဝေးသော ခရီးတွေ၊ နီးသောဝေးသော နေ့ရက်တွေဟာ ကျွန်တော်တို့ ဘဝထဲမှာ အလှည့်ကျပါပဲ။ သူက ကျွန်တော့်မျက်နှာကို ခပ်အေးအေးပဲကြည့်ရင်း ပြောခဲ့တယ်။ လွန်ခဲ့တဲ့ ငါး လလောက်က မောင့်ကိုမချစ်တော့ဘူး ဖြစ်သွားသေးတယ်တဲ့ ။ အဲဒီကာ လတုန်းက သူ တစ်ယောက်တည်း ကျွန်တော်မပါဘဲ ခရီးတွေထွက်တာ ပြန်တွေးမိတယ်။ နောက်ပြီး အဲဒီအချိန်မှာ ကျွန်တော့်ဖက်က အကြိမ်ကြိမ်ဆက်သွယ်ခဲ့တာလည်း ပြန်သတိရ။

စာရေးဆရာတစ်ယောက်ဟာ သူ့ဇာတ်ကောင်ကို သူနိုင်ရတယ်လို့ ကြားဖူးတယ်။ ဇာတ်ကောင်ဟာ စာရေးဆရာကို ပြန်ခိုင်းတာတွေ လည်း ရှိတယ်လို့ ဆိုကြပြန်တယ်။ စာအုပ်တစ်အုပ်ကို ရေးပါလို့ ဆိုရင် စာမျက်နှာ ၁၀၀မှာ ၉၉ မျက်နှာက ဗလာဖြစ်ပြီး နောက်ဆုံးစာမျက်နှာ မှာ ဘဝကို ချစ်ပါလို့ ရေးလိုက်မယ်ဆိုတဲ့ စာရေးဆရာ အဲလ်ဗတ်ကမူး က ပြောသွားခဲ့တယ်။

အိမ်ရဲ့ အဝေးမှာ တိမ်တွေဟာပြိုကျလို့ မိုးရွာတယ်ဆိုတာ ငိုတာပါပဲ ကွယ်။ သူ့ကို မချစ်တော့တဲ့ အချိန်မှာ မျက်ရည်လည်နေသလား။ အချစ် ဆိုတာ အမြဲတမ်း သင်ယူနေရတဲ့ အရာပါ။ စစ်ငြိမ်းကို မြီးစမ်းကြည့်ပါ။

နေမျိုး<br>၃၀-၃-၂၀၁၉